ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A(Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ
မဟာဂန္ထဝါစကပဏ္ဍိတ

# နိဗ္ဗာန်ဆိုသည်မှာ

ဖြန့်ချိရေး
**ဆုပြည့်စုံထွန်းစာပေ**
အမှတ် ၅၀၈/၅၁၂၊၂(ခ)၊ ပထမထပ်၊ သရဖီကွန်ဒို၊ ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

## ဓမ္မဒူတ တရားတမန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။
ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။
ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ။
ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ။



ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A(Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ

မဟာဂန္ထဝါစကပဏ္ဍိတ

# ဓမ္မဒူတ ဒေါက်တာအရှင်ပညာသာမိ

၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်၊ ကြာသပတေးနေ့တွင် သထုံမြို့ ညောင်ဝိုင်းရပ်၌ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည်တို့မှ မွေးချင်းငါးယောက်အနက် သားဦးအဖြစ် ဖွားမြင်သည်။

သထုံမြို့၌ အခြေခံပညာအထက်တန်း ဖြေဆိုပြီးနောက် ၁၉၈၁ ခုနှစ်တွင် ကျေးဇူးတော်ရှင် ဓမ္မဒူတ ဆရာတော် ကြီး ဘဒ္ဒန္တ ပညာဇောတ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) ကို ဥပဇ္ဈာယ်ပြုကာ ဆရာတော်၏ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် သာသနာ့ဘောင်သို့ စတင်ဝင်ရောက်သည်။

ရှင်သာမဏေဘဝမှ စတင်ကာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရတွင် ပဋိပတ္တိနှင့် တွဲဖက်ပြီး ပရိယတ္တိစာပေများကို ပထမကြီးတန်း အောင်မြင်သည်အထိ သင်ယူခဲ့သည်။ အထက်တန်းပိဋကတ်စာပေများကို မန္တလေး, ပခုက္ကူ, စစ်ကိုင်းတို့တွင် လည်းကောင်း၊ သီရိလင်္ကာ နိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်တို့တွင်လည်းကောင်း ဆက်လက်သင်ယူခဲ့သည်။

၁၉၈၈ – မန္တလေးတက္ကသိုလ်မှ (B.A) ဘွဲ့၊
၁၉၈၉ – သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊
၁၉၉၀ – သာသနဓဇ ဓမ္မာစရိယဘွဲ့၊
၁၉၉၇ – သီရိလင်္ကာနိုင်ငံမှ (M.A) ဘွဲ့၊
၁၉၉၉ – သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့၊
၂၀၀၅ – အိန္ဒိယနိုင်ငံမှ (Ph.D) ဘွဲ့၊
၂၀၀၆ – နိုင်ငံတော်မှ ဆက်ကပ်သော မဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဓမ္မဒူတဆရာတော်ဘုရားကြီး လွန်တော်မူချိန်မှစ၍ တောင်စွန်း ဓမ္မဒူတ တောရကျောင်းတိုက်၌ သီတင်းသုံးကာ ဂဏဝါစကနာယက ကမ္မဋ္ဌာနာစရိယ အဖြစ် တာဝန်ယူ ဆောင်ရွက်ရင်း စာပေပို့ချခြင်း၊ စာပေရေးသားခြင်း၊ တိုင်းနှင့် ပြည်နယ်အသီးသီးရှိဓမ္မဒူတ တရားစခန်းများ၊ တရားပွဲများ သို့ ကြွရောက် ဟောပြော ပြသခြင်းတို့ဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်ပါသည်။

ယခုအခါတွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း၊ ဟံသာဝတီ ဂေါက်ကွင်းအနီး၌ ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည် ထောင်ကာ ပြည်တွင်းပြည်ပ ယောဂီများ ချမ်းသာစွာ တရားဓမ္မ အားထုတ်ကျင့်သုံးနိုင်ရေးအတွက် သာသနိက အဆောက် အအုံများ တည်ဆောက်ကာ လစဉ်တရားစခန်းဖွင့်လှစ်ပြသ လျက် ရှိပါသည်။

# နီးလျက်နဲ့ဝေး

မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ တရားဓမ္မတွေဟာ လူတွေ လက်လှမ်းမမီနိုင်တဲ့ အကွာအဝေးမှာ တည်ရှိနေတာ မဟုတ်ပါဘူး။ ကြိုးစားလေ့လာအားထုတ်ရင် သိနိုင်မြင်နိုင်ကြပါ တယ်။ သိကြသူ မြင်ကြသူတွေလည်း ရှိပါတယ်။

လောကမှာရှိတဲ့လူတွေကို တရားအဆင့်အတန်း နဲ့ ခွဲခြားဝေဖန်ပြီးကြည့်ရင် ပုထုဇဉ်နဲ့ အရိယာလို့ နှစ်မျိုးနှစ်စား တွေ့ရပါလိမ့်မယ်။

ပုထုဇဉ်ဆိုတာက တရားမသိသေး၊ မမြင်သေးတဲ့သူပါ။ အရိယာ ဆိုတာက တရားဓမ္မကို သိမြင်ပြီးတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဆိုတဲ့ တရားသိမြင်ပြီးတဲ့ ပုဂ္ဂိုလ်မြတ်တွေပါ။